# သခင့်စကား

သခင့်စကား ၁-၃၃

**မှန်သော စကားသည် တန်ခိုးကြီး၏။** ယောဘ ၆း၂၅

**အမှတ်စဉ် (၃၃)　　မေလ　　၂၀၀၄ ခုနှစ်　　ဓမ္မဒါန ( လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချီသည် )**

**ကျေးဇူး ချီးမွမ်းခြင်းယဇ်ကို ပူဇော်သောသူသည်၊၊ ငါ၏ ဘုန်းကို ထင်ရှားစေသောသူ ဖြစ်၏၊၊ မိမိသွားသောလမ်းကို ဆင်ခြင်သောသူအားလည်း ကယ်တင်တော်မူခြင်း ကျေးဇူးကို ငါပြမည်ဟု ဘုရားသခင် မိန့်တော်မူ၏၊၊ ဆာလံ ၅၀း၂၃**



ကျွန်မရဲ့ ဘ၀ မှာ ခရစ်တော်ဘုရားကို ယုံကြည်သူ ဖြစ်နေပါလျက်နဲ့ အမှားလုပ်ခဲ့ဖူးတဲ့ အချိန်တွေရှိခဲ့ပါတယ်။ ကျွန်မ ဟာ အသက်အရွယ်ကြီးတဲ့ လူနာတွေကို ပြုစုနေတဲ့ သူနာပြု တစ်ယောက်ဖြစ်ပါတယ်။ လူ့အသက်ကို ပြုစုနေတဲ့ သူတစ်ယောက် ဖြစ်နေလျက်နဲ့ အလုပ်ထဲမှာ အမှားတစ်ခုကို ကျူးလွန်မိပါတယ်။ တစ်နေ့မှာ ကျွန်မဟာ သင်တန်းတစ်ခုကိုတက်ပြီး ဂျူတီကို လောလောနဲ့ အလုပ်ဝင်လိုက်ပါတယ်။ လုပ်ဖော်ဆောင်ဖက် ဖိလစ်ပိုင်သူ သူနာပြုက လူနာကို ဆေးထိုးဖို့ သတိပေးပါတယ်။ ကျွန်မ စိတ်ထဲမှာ ဆေးထိုးနေကျဆိုတော့ ဆရာဝန်ရဲ့ ညွှန်ကြားစာ ကို အကြမ်းဖျင်းဖတ်ပြီး လူနာကို ဆေးထိုးပေးလိုက်ပါတယ်။ ဆရာဝန်ကလဲ ညွှန်ကြားစာကို သေသေချာချာ မရေးထားတဲ့ အတွက် လူနာကို ထိုးပေးရမဲ့ အားဆေးပမာဏက အခြားလူနာ တွေကို ထိုးပေးနေကျထက် **mg** များနေပါတယ်။ ကျွန်မလဲ ဆရာဝန် ရေးထားတဲ့အတိုင်း ထိုးလိုက်မိတဲ့အတွက် **mg** ပိုများသွားပါတယ်။ အားဆေးဆိုပေမဲ့ **over dose** ဖြစ်သွားရင် လူနာဒုက္ခရောက်သွား နိုင်ပါတယ်။

ကိုယ့်အခန်း ပြန်ရောက်မှ ကျွန်မ ပြန်စဉ်းစားမိပါတယ်။ ငါ ဒီနေ့ လူနာကို ဆေးထိုးတာ မှားသွားပြီ။ လူနာက ကျွန်မရဲ့ တာဝန်ချိန်မှာ ဘာမှ မဖြစ်ပေမဲ့ ၂၄နာရီ စောင့်ကြည့်မှ စိတ်ချရတာမို့ ကျွန်မ တော်တော်ကြီးကို တုန်လှုပ်သွားခဲ့မိပါတယ်။ ကျွန်မကြောင့် လူတစ်ယောက် ဒုက္ခရောက်သွားမှာကို စိုးရိမ်မိပါတယ်။ အခန်းတံခါးပိတ်ပြီး ကျွန်မ အပြစ်ဝန်ချဆုတောင်းလိုက်ပါတယ်။ "ကိုယ်တော် ကျွန်မ ဒီနေ့မှားတဲ့ အမှားအားဖြင့် ကျွန်မ အသက်တာရဲ့ လိုအပ်ချက်ကို သွန်သင် တော်မူပါ" လို့ ဆုတောင်းလိုက်ပါတယ်။ ဆုတောင်းပြီးတာနဲ့
ဖိ ၄း၆-၇ မှာ ခရစ်တော် ပေးထားတဲ့ ကတိတော်အတိုင်း ငြိမ်သက်ခြင်းကို ခံစားလိုက်ရပါတယ်။ သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ဘုရားသခင် ကျွန်မကို သွန်သင်လိုက်တဲ့ အချက်ကတော့ –

(၁) သူတပါး အပေါ် အပြစ်တင်ခြင်းကို ရှောင်ပြီး နှိမ့်ချခြင်း တန်ဆာ ဝတ်ဆင်ဖို့နဲ့
(၂) နာခံ လိုက်လျှောက်သော အသက်တာနဲ့ အသက်ရှင်ဖို့ဘဲ ဖြစ်ပါတယ်။

အဲဒီလို သွန်သင်ခံရခြင်းဟာလဲ ကျွန်မဟာ တစ်ခါတစ်ရံမှာ မိမိရဲ့ ကျွမ်းကျင်စွာလုပ်ဆောင်တတ်မှုကို အားကိုး အထင်ကြီးတတ်တဲ့ စိတ်ကြောင့်ဘဲ ဖြစ်ပါတယ်။ ငါသိပါတယ်။ ငါလုပ်တတ်တယ်။ ငါလုပ်နေကျပါ။ ဆိုတဲ့ –

## ကိုယ့်ကိုယ်ကို အထင်ကြီးတတ်တဲ့စိတ်ဟာ အခြားသူတွေ ကိုယ့်လောက် မလုပ်နိုင်ရင် ၊ အထင်သေး အပြစ်တင်တတ်တဲ့ စိတ်တွေ ဝင်လာမိပါတယ်။

ဒါ့ကြောင့် ဘုရားသခင်က ဆုံးမ လိုက်တာပါ။ ကိုယ်ကိုယ်တိုင် အမှားကြုံဖူးမှ အမှားလုပ်တတ်တဲ့ သူတွေကို ကိုယ်ချင်းစာ နားလည် ခွင့်လွှတ်တတ်မှာ ဖြစ်ပါတယ်။ မိမိကိုယ်ကို အထင်ကြီးခြင်းဟာ အမှားဆိုတဲ့ လောင်မီးကို ဖြစ်ပွားစေတဲ့ လောင်စာဘဲဖြစ်ပါတယ်။ ခရစ်တော်က ...

**မဿဲ – ၇း၁ ။　　။ သင်တို့သည် စစ်ကြော ဆုံးဖြတ်ခြင်းနှင့် ကင်းလွတ်ရမည့်အကြောင်း သူတပါး၏ အမှု၌ စစ်ကြောဆုံးဖြတ်ခြင်းကို မပြုကြနှင့်၊၊**
**မဿဲ – ၅း၃၊၊　　။ စိတ်နှလုံး နှိမ့်ချသောသူတို့သည် မင်္ဂလာရှိကြ၏၊၊ အကြောင်းမူကား ကောင်းကင်နိုင်ငံတော်သည် ထိုသူတို့၏ နိုင်ငံဖြစ်၏၊၊**

လို့ သမ္မာကျမ်းထဲမှာ သွန်သင်ထားပါတယ်။

ဆရာဝန်က လူနာအတွက် ရေးပေးလိုက်တဲ့ ဆေးစာက မမှားပေမဲ့ ပြည့်ပြည့်စုံစုံ မရေးထားတဲ့အတွက် ညွှန်ကြားမှုအတိုင်း လိုက်လုပ်မိတဲ့ သူနာပြု ဆရာမ ကျွန်မကြောင့် လူနာ ဒုက္ခရောက်သွားနိုင်ပါတယ်။ ဘုရားသခင်က – **အမှုရောက်သည့်ကာလ၌ ငါ့ကို ပဌနာပြုလော့၊ ငါသည် ကယ်လွှတ်မည် ဆာလံ ၅၀း၁၅** လို့ သမ္မာကျမ်းမှာ ကတိ ပေးထားတဲ့အတိုင်း ကျွန်မကို ကယ်ခဲ့ပါတယ်။ ကျွန်မ ဆေးထိုးမှားသွားတဲ့ လူနာဟာ ဒီနေ့အထိ ကျန်းကျန်းမာမာရှိနေပါတယ်။

သင်သည် သွန်သင်ပြသူ၊ ညွှန်ကြားသူ၊ ဦးဆောင်သူ ဖြစ်နေခဲ့ပါက မှန်မှန်ကန်ကန် သစ္စာတရားနဲ့ အညီ ပုံသက်သေကောင်း နဲ့ လမ်းပြပေးပါ။ ကျွန်မတို့ရဲ့ အမှားတွေက လက်အောက်ငယ်သား၊ သားသမီး၊ လုပ်ဖော်ဆောင်ဘက်တွေအတွက် ပုံသက်သေမှားတွေ ဖြစ်သွားနိုင်ပါတယ်။ နေ့စဉ် ရှင်သန်ခြင်းမှာ သန့်ရှင်းသော ဝိညာဉ်တော်ဘုရားရဲ့ လမ်းပြမှု ခံယူပြီး အသက်ရှင်ပါက မြစ်နားမှာ စိုက်လျှက် မိမိအချိန်တန်မှ အသီးကိုသီး၍ အရွက်မညှိုးနွမ်းတတ်သော အပင်ကဲ့သို့ ကောင်းကြီး မင်္ဂလာ အဖြာဖြာကို ခံစားရမှာဖြစ်ပါတယ်။

နေ့စဉ် ... သာ၍မြင့်ရာ ဝိညာဉ် အသက်တာကို တက်လှမ်းဖို့အတွက် မိမိအတ္တကို ငြင်းပယ်ပြီး ခရစ်တော်နဲ့အတူ လျှောက်လှမ်းရမှာဖြစ်ပါတယ်။

*** အပြစ်နှင့်အလျှောက် ဘုရားသခင် စစ်ဆေးတော်မူခြင်းကို ခံရသောသူသည် မင်္ဂလာရှိ၏၊၊ ထို့ကြောင့် အနန္တတန်ခိုးရှင် ဆုံးမတော်မူခြင်းကို မထီမဲ့မြင် မပြုပါနှင့်၊၊ ယောဘ ၅း၁၇**

**( တောနှင်းပန်း )**

# ကျွန်တော်ပေါ်အာမှန်များ–၂



ကျွန်တော် အလယ်တန်းကျောင်းသား အရွယ်တုံးက ဆေးလိပ် ခိုးသောက်ဖူးတယ်၊ ကွမ်းယာ ခိုးစားဖူးတယ်၊ ကျောင်းပြေးဖူးတယ်။ အဲဒီတုံးက လူကြီး သူမ တွေက ကျွန်တော့်ကို နောက်ဒီလို မကောင်းတာ မလုပ်ဖို့တားမြစ်ကြတယ်။ မကောင်းမှု ဒုစရိုက်တစ်ခုခုကို လုပ်နေတဲ့အချိန်မှာ ဆက်မလုပ်ဖို့ တားမြစ်ခံရတာ သဘာဝကျပါတယ်။ ဒါပေမဲ့ ကောင်းမှုသုစရိုက် တစ်ခုခုကို လုပ်နေချိန်မှာတော့ ဆက်မလုပ်ဖို့ တားမြစ်ခံရရင် စိတ်ထဲမှာ တော်တော်လေး ကသိကအောက် ဖြစ်သွားတဲ့အပြင် စိတ်သောကလဲ ရောက်သွားတတ်ပါတယ်။

၁၉၉၂ ခုနှစ်လောက်က ဆိုပါတော့ – ကျွန်တော် ခရစ်ယာန်စာစောင် တစ်ခုကို ဦးစီးပြီး ထုတ်ဝေနေချိန်မှာ ဓမ္မအမှုတော်ဆောင်တစ်ဦးက ကျွန်တော့်ကို ဆက်မလုပ်ဖို့ တားမြစ်ပါတယ်။ အဲဒီအချိန်တုံးက နာမည်အရမ်းကြီးနေတဲ့ ခရစ်ယာန်မဂ္ဂဇင်း တစ်ခုရှိတယ်။ အဲဒီ ဓမ္မဆရာက ကျွန်တော့်ကို နာမည်ကြီး မဂ္ဂဇင်းမှာ အချိန်ပြည့် ပါဝင်စေချင်တယ်။ အရင်းအနှီးနဲနဲနဲ့ အရည်အသွေး မမှီတဲ့ စာမူတွေနဲ့ သာမာန်ခရစ်ယာန် စာစောင်လေးတစ်ခုကို ကိုယ်ထူကိုယ်ထစံနစ်နဲ့ ထုတ်ဝေနေတဲ့ ကျွန်တော့်ကို သူက ဆက်မထုတ်ဖို့ တားပါတယ်။

သူ့အကြောင်းပြချက်ကလဲ သဘာဝကျပါတယ်။ ရန်သူစာတန်ကို စာပေအားဖြင့် တိုက်တဲ့နေရာမှာ တစ်ယောက်တစ်ပေါက် တစ်နေရာစီကနေ ကြိုကြား ကြိုကြား မတိုက်ဘဲ၊ တစ်နေရာတည်းကနေ တစ်စုတစ်ဝေးတည်း အလုံးအရင်းနဲ့ တိုက်ပါလို့လဲ အကြံပေးပါတယ်။ သိပ်မှန်ပါတယ်။ အကျိုးအကြောင်း ဆီလျော်သလို၊ သဘာဝလဲ ကျပါတယ်။ လူသိ မများသေးတဲ့ စာစောင်ငယ်လေးကို တည်ထောင်နေတဲ့ ကျွန်တော်လဲ ဇဝေဇဝါဖြစ်သွားပါတယ်။ စာစောင်ကို ဆက်မထုတ်တော့ဘဲ နာမည်ကြီး မဂ္ဂဇင်းတိုက်ထဲ ခြေစုံပစ်ဝင်လိုက်ဖို့ ကြံစည်မိပါတယ်။ ဒါပေမဲ့ ဘာမှမလုပ်ခင်မှာ ဘုရားသခင်ဆီ ဆုတောင်းအပ်နှံလိုက်ပါတယ်။ နောက်ဆုံးရတဲ့ အဖြေကတော့ မဂ္ဂဇင်းတိုက်ကြီးထဲ ခြေစုံပစ် မဝင်ဖို့နဲ့ ကိုယ်လုပ်နေတဲ့ စာစောင်ငယ်လေးကို သစ္စာရှိရှိ ဆက်လုပ်ပါဆိုတဲ့ အဖြေဘဲ ဖြစ်ပါတယ်။

အဲဒီ နာခံမှုရဲ့ ရလဒ်ကတော့ နောက် တစ်နှစ်လောက်အကြာမှာ နာမည်ကြီး မဂ္ဂဇင်းဟာ ဆက်မထုတ်နိုင်တော့ဘဲ အကြောင်းတစ်ခုခုကြောင့် ရပ်နားလိုက်ရပါတယ်။ ကျွန်တော် လုပ်ဆောင်ခဲ့တဲ့ စာစောင်လေးကတော့ ကျွန်တော် မြန်မာပြည်မှာ မရှိတော့ပေမဲ့ အခြား စာပေအမှုတော်ဆောင်တွေအားဖြင့် မဂ္ဂဇင်းအဆင့်ကို ရောက်လာခဲ့ပြီး ဒီနေ့ထိတိုင်အောင် လည်ပါတ်ထုတ်ဝေနေဆဲပါဘဲ။

ဒီလိုနဲ့ စာပေဝါသနာပိုးပါတဲ့ ကျွန်တော်က မြန်မာပြည်မှာတင် စာအုပ်ထုတ်တာ အားမရသေးဘဲ စင်ကာပူမှာပါ စာစောင်နဲ့ မဂ္ဂဇင်းထုတ်ခဲ့ပါတယ်။ ဘယ်အလုပ်မဆို ပင်ပန်းတာတို့ အရင်းအနှီးမြုပ်နှံရတာတို့ ရှိတာပေါ့၊ ဒါကို အမြင်မတော်တဲ့ မိတ်ဆွေတစ်ယောက်က စင်ကာပူမှာ စာစောင်တွေ ဆက်မထုတ်ဖို့နဲ့ မြန်မာပြည်က ရောက်လာတဲ့ မဂ္ဂဇင်းတွေနဲ့ဘဲ ခွန်အားယူဖတ်ဖို့ အကြံပေးပါတယ်။

ဒီတစ်ခါ ကျွန်တော်ထပ်ပြီး တွေဝေသွားရပြန်ပါတယ်။ စင်ကာပူမှာ စာစောင်ဘဲထုတ်ထုတ် မဂ္ဂဇင်းဘဲထုတ်ထုတ် ပင်ပန်းပါတယ်။ အလုပ်ကို ဦးစားပေးလုပ်ရပြီး အားလပ်ချိန် သိပ်မရှိတဲ့ စင်ကာပူမှာ အလုပ်ချိန်ဖျက်၊ အနားယူချိန်ဖျက်၊ လေ့လာဆည်းပူးချိန်တွေဖျက်၊ ငွေကုန်ခံ၊ အပင်ပန်းခံပြီး လစဉ်ထုတ်ဝေ နေတဲ့ ဝိညာဉ်ရေးရာ လက်ကမ်းစာစောင်နဲ့ နှစ်စဉ်ထုတ်ဝေနေတဲ့ လူငယ်မဂ္ဂဇင်းကို မထုတ်ပါနဲ့တော့။ မြန်မာပြည်က ရောက်လာတဲ့ စာစောင်တွေ မဂ္ဂဇင်းတွေကိုဘဲ ဖတ်ပြီး ခွန်အားယူပါ။ စင်ကာပူမှာ ဘာစာစောင်မှ မထုတ်ပါနဲ့ ပင်ပန်းပါတယ်။ အချိန်ကုန်ပါတယ်ဆိုပြီး လာတားပါတယ်။

အင်း … သူပြောတာ ဟုတ်သလိုလိုဘဲ၊ သူတားသလို ကျွန်တော် စင်ကာပူမှာ ဘာစာစောင်မှ မထုတ်ရင် ဘာမှ မပင်ပန်းတော့ဘူး။ ဘာမှ မကုန်တော့ဘူး။ ကောင်းလိုက်တာ။

ဒါပေမဲ့ပေါ့ဗျာ။ စာပေဆိုတာ စာရေးသူ အပေါ်လိုက်ပြီး ရသတွေ အတွေ့အကြုံဗဟုသုတတွေ ကွာသွားပါတယ်။ မြန်မာပြည်က လူတွေဘဲ ရေးတဲ့စာဟာ မြန်မာပြည်က ခံစားချက်၊ မြန်မာပြည်က အတွေ့အကြုံတွေကိုဘဲ ဖတ်ရမှာ ဖြစ်ပါတယ်။ စင်ကာပူက လူတွေရေးတဲ့စာမှာ စင်ကာပူ အငွေ့အသက်၊ စင်ကာပူ အတွေ့အကြုံတွေ မြင်တွေ့ရမှာဖြစ်ပါတယ်။ အခု လောလောဆယ်ဆယ် ကျွန်တော်ကလဲ စင်ကာပူမှာ ရှိနေတဲ့အခိုက်ဆိုတော့ စင်ကာပူရဲ့ ဒုက္ခ၊ စင်ကာပူသောက၊ စင်ကာပူ ညည်းသံ၊ စင်ကာပူ အပူ၊ စင်ကာပူ ခံစားချက်လေးတွေကို စင်ကာပူကို အကြောင်းအမျိုးမျိုးနဲ့ ရောက်နေတဲ့ စာပေဝါသနာရှင်တွေရဲ့ လက်ရာအားဖြင့် အခြားသူတွေကိုလဲ ခံစားစေချင်ပါတယ်။ အဲဒီ ဆန္ဒနှစ်ခုကြားမှာ ကျွန်တော် ဘာလုပ်ရမလဲ၊ စာပေ ဆက်လုပ်ရမလား၊ ရပ်လိုက်ရမလား။

ဇဝေဇဝါ ဖြစ်နေတဲ့ ကျွန်တော့်ကို ဘုရားသခင်က **WAR CRY Feb 2004** မှာ **LIEUT-COLONEL GRACE BRINGANS** ရေးသားတဲ့ **MESSAGE FROM THE HEART?** ဆောင်းပါးထဲက အဖြစ်အပျက်လေးတစ်ခုနဲ့ သွန်သင်ပြီး အဖြေ ပေးခဲ့ပါတယ်၊

အဲဒီ အဖြစ်အပျက်လေးကတော့ …

** သင်းအုပ်ဆရာတစ်ပါးဟာ ၁၁နှစ်အရွယ် သူ့သားငယ်လေးနဲ့ တနင်္ဂနွေနေ့ မနက်ဝတ်ပြုစည်းဝေးပြီးတိုင်း လမ်းလျှောက်ထွက်ပြီး လမ်းမှာတွေ့တဲ့ သူတွေကို ကယ်တင်ခြင်းအကြောင်း သက်သေခံချက်ရေးထားတဲ့ ဝေစာလေးတွေ ဝေလေ့ရှိတယ်။

မိုးစွေတဲ့နေ့ တစ်နေ့မှာပေါ့ဗျာ၊ ရာသီဥတုကလဲ စွတ်စိုထိုင်းမှိုင်း ချမ်းအေးနေတဲ့အတွက် သင်းအုပ်ဆရာဟာ အပြင်ထွက်ပြီး ဝေစာဝေတဲ့ အလုပ်ကို ဒီနေ့အတွက် မလုပ်တော့ဘဲ မိုးအေးအေးနဲ့ အိမ်ခန်းထဲမှာ မီးလင်းဖိုနဲ့ မီးလှုံရင်း ကော်ဖီကောင်းကောင်းတစ်ခွက်ဖျော်ပြီး နောက်တစ်ပါတ် ဘုရားကျောင်းမှာ ဝေငှရမဲ့ တရားဟောချက်ပြင်ဆင်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ သားဖြစ်သူကိုလဲ … " သားရေ ဖေဖေတို့ ဒီနေ့အပြင်မထွက်တော့ဘူး၊ မိုးတွေရွာနေတယ်။ နောက်တစ်ပါတ်မှဘဲ ဝေစာ ထွက်ဝေကြတာပေါ့၊ အဖေတို့ အပါတ်တိုင်း ဝေစာ ဝေခဲ့ပြီးပြီဘဲ၊ ဒီတစ်ပါတ်ထဲ မဝေလို့ ဘာမှဖြစ်မသွားပါဘူး။ မိုးရွာထဲထွက်လို့ ဖျားနာနေပါအုံးမယ်။

အိမ်ထဲမှာ သား ကျောင်းစာလုပ်ချင် လုပ်၊ ဒါမှ မဟုတ်ရင် တီဗွီကြည့်နေလိုက်ပေ့ါကွာ'' လို့ပြောလိုက်ပါတယ်။ အဖေလုပ်သူ သင်းအုပ်ဆရာရဲ့ စကားနဲ့ ဆုံးဖြတ်ချက်၊ တားမြစ်ချက်၊ လုပ်ဆောင်ချက်က လူသက်သာသလို အကျိုးအကြောင်းလဲ ဆီလျော်ပါတယ်။ သားဖြစ်သူက လိုက်နာသင့်ပါတယ်။

သားဖြစ်တဲ့သူက အဖေ့စကားကို ကြားလိုက်ရတော့ သိပ်ပျော်သွားပြီး ''ဟေး – ဒါမှ တို့ဖေဖေကွ''လို့ အားရပါးရ အော်လိုက်တယ်။ ပြီးတော့ တီဗွီ သွားဖွင့်လိုက်တဲ့ အခါ သူအရမ်းကြိုက်တဲ့ ကာတွန်းကား ပြနေတယ်။ သူလဲ သူ့အဖေလို မိုးအေးအေးနဲ့ အိမ်ခန်းထဲမှာ ဇိမ်ကျကျ တီဗွီကြည့်နေလိမ့်မယ်လို့ မိတ်ဆွေ ထင်နေပါသလား။

တော်တော်ခေါင်းမာတဲ့ ကလေးဗျာ၊ သူ့အဖေစကားကို နားမထောင်ဘူး။ အစွန့်တက်ပြီး သူ့အဖေကို ခွင့်တောင်းလိုက်တယ်။ ''အဖေ မလိုက်ချင်ရင် နေပါ၊ သားတစ်ယောက်တည်း သွားပြီး လမ်းပေါ်က လူတွေကို ဝေစာ သွားဝေချင်တယ်'' တဲ့။ အဖေလုပ်သူက ဘယ်ခွင့်ပြုပါ့မလဲ၊ နောက်တစ်ပါတ်မှ သွားဖို့၊ ချော့တစ်ခါ ချောက်တလှည့် တားပါတယ်။ သားဖြစ်သူကလဲ ငြင်းပါတယ်။ ဘာဘဲဖြစ်ဖြစ် သူ ဘုရားသခင်အတွက် လုပ်မှာဖြစ်လို့ ခွင့်ပြုဖို့ပြောပါတယ်။ နောက်ဆုံးတော့ သင်းအုပ်ဆရာက တားမရတဲ့အဆုံး ခွင့်ပြုလိုက်ရပါတယ်။ မိုးတအား သည်းလာရင် အိမ်ပြန်လာဖို့၊ အဝေးကြီး မသွားဖို့၊ ဝေစာကုန်ကုန် မကုန်ကုန် အရေးမကြီးဘူး၊ မိုးမိပြီး ချမ်းလာရင် အိမ်ပြန်လာဖို့ မှာလိုက်ပါတယ်။

ချာတိတ်လေးက မိုးရွာထဲမှာ လမ်းသွားလမ်းလာတွေကို ဝေစာလိုက်ဝေ နေလိုက်တာ မိုးကလဲ တဖြည်းဖြည်းပိုသည်းလာသလို ဝေစာတွေလဲ ကုန်သလောက်ဖြစ်သွားပြီး လက်ထဲမှာ တစ်စောင်ဘဲကျန်ပါတော့တယ်။ လမ်းပေါ်မှာလဲ လမ်းသွားလမ်းလာတွေ မရှိတော့တဲ့အတွက် ပေးလို့မရတော့ပါဘူး၊ ချာတိတ်လေးက အိမ်မပြန်သေးဘဲ နောက်ဆုံးကျန်တဲ့ ဝေစာလေးကို အနီးဆုံးအိမ်တစ်အိမ်မှာ သွားပေးဖို့ ဆုံးဖြတ်လိုက်ပါတယ်။ အဆင်သင့် တွေ့လိုက်ရတဲ့ အိမ်ခြံဝင်းလေးထဲ ဝင်လာပြီး အိမ်တံခါးဝက လူခေါ်ဘဲလ်ကို နှိပ်လိုက်ပါတယ်။ အိမ်ထဲက ဘယ်သူမှ ထွက်မလာတဲ့အတွက် ချာတိတ်လေးက ပြန်ထွက်လာခဲ့ပါတယ်။ ခြံအပြင် ရောက်ခါနီးမှာ တစ်စုံတစ်ဦးက အိမ်တံခါး ထပ်ခေါက်ဖို့ တွန်းအားပေးသလို ခံစားလိုက်ရတာမို့ နောက်ပြန်လှည့်လာပြီး လူခေါ်ဘဲလ်ကို ထပ်နှိပ်ပါတယ်။ ဒီတစ်ခါလဲ ဘယ်သူမှ ထွက်မလာပါဘူး။ လက်လျော့ပြီး လှည့်ပြန်ဖို့အပြင်မှာ တစ်ယောက်ယောက်က ဆွဲခေါ်ထားသလို ခံစားလိုက်ရပြန်တာမို့ အိမ်တံခါးကို လက်သီးနဲ့ထုပြီး ''အိမ်ရှင်တို့ – အိမ်ရှင်တို့ –'' လို့ အော်ခေါ်လိုက်ပါတယ်။

တော်တော်လေးကြာမှ အိမ်တံခါးဟာ တဖြည်းဖြည်း ပွင့်လာပါတယ်။ ပွင့်ဟလာတဲ့ တံခါးကြားကတဆင့် အိုမင်းနေတဲ့ အဖွားအိုတစ်ယောက်ရဲ့ မျက်နှာ ပေါ်လာပါတယ်။ ''ဘာကိစ္စရှိလို့လဲ'' လို့ သံပြတ်နဲ့ မေးလိုက်တဲ့ အဖွားအိုကို ချာတိတ်လေးက ''စိတ်မရှိပါနဲ့ အဖွား၊ ကျွန်တော့်ကြောင့် အနှောက်အယှက် ဖြစ်သွားရင် ခွင့်လွှတ်ပါ၊ အဖွားကို သခင်ယေရှုက သိပ်ချစ်ပါတယ်ဆိုတဲ့ အကြောင်းလာပြောရင်းနဲ့ ဒီဝေစာလေး လာပေးတာပါ၊ ဖတ်ကြည့်ပါခင်ဗျာ'' လို့ ပြောပြီး လှည့်ထွက်လာခဲ့ပါတယ်။

နောက်တစ်ပါတ် တနင်္ဂနွေနေ့မှာ ချာတိတ်လေးရဲ့ အဖေ သင်းအုပ်ဆရာကြီးက နံနက်ဝတ်ပြုစည်းဝေးမှာ ပရိတ်သတ်ကို သက်သေခံဖို့ အချိန်ပေးပါတယ်။ ''ဒီတပါတ် အတောအတွင်းမှာ ဘုရားသခင်ကောင်းကြီး ခံစားရလို့ သက်သေခံချင်တဲ့သူတွေရှိရင် ပလ္လင်ပေါ်တက်လာဖို့ ဖိတ်ခေါ်ပါတယ်''လို့ ကြေငြာလိုက်ပါတယ်။ နောက်ဆုံးတန်းက အဖွားအို တစ်ယောက်ဟာ စင်မြင့်ပေါ်ကို တုန်တုန်ရီရီနဲ့ တက်လာပါတယ်။

'' ရှင်တို့ အားလုံး ကျွန်မကို သိမှာ မဟုတ်ပါဘူး၊ ကျွန်မက ဒီနေ့မှ ဘုရားကျောင်းကို ရောက်လာတဲ့သူပါ။ လွန်ခဲ့တဲ့ တနင်္ဂနွေနေ့က မိုးတွေအရမ်းရွာပြီး သိပ်အေးပါတယ်။ အဲဒီနေ့က ကျွန်မ တစ်ယောက်တည်း အိမ်မှာ ရှိနေပါတယ်။ တိုက်တိုက်ဆိုင်ဆိုင်ဘဲ အဲဒီနေ့ဟာ ကျွန်မရဲ့ ခင်ပွန်း သေဆုံးသွားတာ တစ်နှစ်တိတိ ပြည့်တဲ့နေ့ ဖြစ်ပါတယ်။ ခင်ပွန်းသည်ကို တမ်းတမိရင်း အလုပ်အကိုင်၊ သားထောက်နောက်ခံနဲ့ ကျွေးမွေးပြုစုမဲ့သူ မရှိတော့တဲ့ အရွယ်လွန် အဖွားကြီးဖြစ်တဲ့ ကျွန်မ ဘဝဟာ ရှေ့ဆက်အသက်ရှင်လဲ ဘာမှ ထူးလာမှာ မဟုတ်ဘူးဆိုတဲ့ အတွေးဆိုးတွေ ဝင်လာပြီး ဆွဲကြိုးချ သေဖို့ စိတ်ရိုင်းတွေဝင်လာခဲ့မိပါတယ်။ ကြိုးကြီးကြီး တစ်ချောင်းကို ထုတ်တန်းမှာချည်ပြီး ဆွဲကြိုးချသေဖို့ ပြင်ဆင်နေတုံးမှာ ဧည့်သည်တစ်ခါမှ မလာဖူးတဲ့ ကျွန်မရဲ့ အိမ်ရှေ့မှာ လူခေါ် ခေါင်းလောင်းတီးသံကို ကြားလိုက်ရပါတယ်။ ဒါနဲ့ ကျွန်မလဲ ခနရပ်ပြီး ဧည့်သည် ပြန်လှည့်ထွက်သွားတဲ့အချိန်အထိ အသံမပေးဘဲ နေခဲ့ပါတယ်။ သူထွက်သွားမှ ဆွဲကြိုးချ သေမယ်လို့ ဆုံးဖြတ်လိုက်မိတယ်။ ဒီဧည့်သည်ကလဲ ထွက်သွားမလိုလိုနဲ့ သုံးကြိမ်တိတိ ပြန်လှည့်လာပြီး အိမ်တံခါးကို လာခေါက်ပါတယ်။ နောက်ဆုံးတော့ ကျွန်မလဲ တံခါးကိုသွားဖွင့်ပေးလိုက်ပါတယ်။ အဲဒီအချိန်မှာ ၁၁ နှစ်အရွယ် သားလေးတစ်ယောက်ကို တွေ့လိုက်ရပါတယ်။ သူက သခင်ယေရှု ကျွန်မကို ချစ်တယ်လို့ ပြောပြီး ဒီဝေစာ စာရွက်လေးကို ပေးသွားပါတယ်။

စိတ်အားငယ်နေတဲ့ ကျွန်မလဲ ဝေစာလေးကို ဖတ်ကြည့်ပြီး သခင်ယေရှုကို ယုံကြည်လက်ခံလိုက်ပါတယ်။ ကိုယ့်ကိုယ်ကို ဆွဲကြိုးချ သေချင်တဲ့ စိတ်တွေလဲ လုံးဝ မရှိတော့ပါဘူး။ ဝေစာနောက်မှာရေးထားတဲ့ ဒီဘုရားကျောင်းရဲ့ လိပ်စာအတိုင်း ဒီနေ့ဘုရားကျောင်းကို ကျွန်မ ရောက်လာခဲ့ပါတယ်။ ကျွန်မ ခရစ်တော်ကို လက်ခံယုံကြည်တာ တစ်ပါတ်ဘဲရှိပါသေးတယ်။ ကျွန်မ ဘဝမှာ ဘုရားကျောင်းကို တက်ဖူးတာ ဒါပထမဦးဆုံး အကြိမ်ပါဘဲ၊ ဝေစာလာပေးတဲ့ သားငယ်လေးကို ကျေးဇူးတင်ပါတယ်'' လို့တုန်တုန်ရီရီနဲ့ သက်သေခံသွားပါတယ်။

အဖွားအိုရဲ့ သက်သေခံချက်ကို ကြားလိုက်ရတဲ့ သင်းအုပ်ဆရာ ဇနီးမောင်နှံနဲ့ ဧည့်ပရိတ်သတ်တွေအားလုံးရဲ့ မျက်ဝန်းထဲမှာ မျက်ရည်တွေနဲ့ စိုစွတ်လို့ နေပါတယ်။ ချာတိတ်လေးရဲ့ ဖွဲ့မလျော့တဲ့ ဘုရားသခင်အတွက် ဆက်ကပ်မှုက ဝိညာဉ်တစ်လုံးကို ကယ်တင်နိုင်ခဲ့ပါတယ်။ ဇာတ်လမ်းလေးက ဒါပါဘဲ။

တကယ်လို့ ချာတိတ်လေးသာ အဲဒီနေ့က အဖေ့တားမြစ်ချက်ကို နားထောင်ပြီး မိုးရွာထဲမှာ ဝေစာထွက် မဝေခဲ့ရင် ... ဘာဖြစ်သွားမယ် လို့ထင်ပါသလဲ။ ဒီလိုပါဘဲ ကျွန်တော် ထုတ်ဝေနေတဲ့ လက်ကမ်းစာစောင်လေးတွေ ဆက်တိုက် မထုတ်ဝေနိုင်ခဲ့ရင် ...

လူငယ်နှစ်ပါတ်လည် မဂ္ဂဇင်းတွေကို နှစ်စဉ် ဆက်တိုက် မထုတ်ဝေနိုင်ခဲ့ရင် ဘာဖြစ်သွားနိုင်တယ်၊ ညာဖြစ်သွားနိုင်တယ် ဆိုတဲ့ ပူပန်မှုနဲ့ ကျွန်တော် ဝိညာဉ်ရေးရာ စာစောင်လေးတွေ ဆက်ထုတ်နေအုံးမှာပါ၊ ဝိညာဉ်ရေးရာစာတွေ ဆက်ရေးနေအုံးမှာပါ။ ဒါဟာ ကျွန်တော့် ဘဝရဲ့ အမှန်တရားတစ်ခုဖြစ်ပါတယ် ဆိုတဲ့အကြောင်း ရေးသားရင်း ဝေငှလိုက်ပါတယ်။ ။ **မင်းအောင်သက်လွင်**


MyanmarBible.net

အင်တာနက်ကို အခြေခံ၍ –
ကမ္ဘာတစ်ဝှမ်းမှ သမ္မာကျမ်းစာဆိုင်ရာ သိမှတ်စရာများကို စုပေါင်းလေ့လာစုစည်း၍ သက်သေခံနိုင်ရန် –
မြန်မာဘာသာစကားဖြင့် ပြုစုထားသောသမ္မာကျမ်းစာဆိုင်ရာ စာပေများကို စုစည်းဝေငှ ဖော်ထုတ်ပေးနိုင်ရန် –
မြန်မာနိုင်ငံရှိ သမ္မာကျမ်းစာနှင့်ပါတ်သက်သော သုတေသနပြုချက်များကို တတ်အားသ၍ ပံ့ပိုးကူညီပေးနိုင်ရန် –
အင်တာနက်အထောက်အကူဖြင့်မြန်မာနိုင်ငံရှိ ဧဝံဂေလိ လုပ်ငန်းများကို တတ်အားသ၍အထောက်အကူပြုနိုင်ရန် –

MYANMARBIBLE.NET

ဂိုဏ်းဂဏ ပေါင်းစုံမှယုံကြည်သူများ စုပေါင်းတည်ထောင်သော **web site** ဖြစ်လာရန်ရည်ရွယ်ပါသည်။ သမ္မာကျမ်းစာဆိုင်ရာ စာပေနှင့် ပါတ်သက်သော သတင်းအချက်အလက်များ၊ နည်းပညာအတတ်ပညာဆိုင်ရာများဆုတောင်းပေးခြင်းများဖြင့် ပါဝင်ရန် အားလုံးကို ဖိတ်ခေါ်ပါသည်။

**URL : http:/ /www.myanmarbible.net**

**EMail : mail@myanmarbible.net & webmaster@myanmarbible.net**

## *သက်သေခံချက် – ၁*

ကျွန်တော်ဟာ ယုံကြည်သူ မိဘနှစ်ပါးက ပေါက်ဖွားလာတဲ့ အော်ရီဂျင်နယ် မိရိုးဖလာ ခရစ်ယာန်တစ်ယောက် ဖြစ်ပါတယ်။ ကျွန်တော့်ဆီမှာ လူတိုင်းရှိတတ်တဲ့ မာနတရားရှိပါတယ်။ ကိုယ်ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မယ်ဆိုတဲ့ အသိနဲ့ပေါ့။ ကျွန်တော့်ဘဝမှာ အပြောင်းအလဲတွေ အများကြီးဖြစ်ခဲ့တယ်။ ဒဏ်ရာဒဏ်ချက်တွေလဲ အပြည့်နဲ့ပေါ့လေ။ ကိုယ်တော် ကျွန်တော့်ရဲ့ အပြစ်ကို ခွင့်လွှတ်နိုင်ပါ့မလား။ ကိုယ်တော့်ရဲ့ အမှုတော်ကို ထမ်းရွက်ပါမယ်ဆိုတဲ့ ကတိသစ္စာတွေလဲ ပျက်ခဲ့တယ်။ ဒီနေ့ ဒီအချိန်အထိ အပြစ်တွေကို လုပ်နေဆဲဖြစ်တဲ့ အပြစ်သား တစ်ယောက်ပါဘဲ။ ကိုယ်တော် ကျွန်တော့် ရဲ့ အပြစ်တွေကို ခွင့်လွှတ် တော်မူပါ။ အာမင်။

ငယ်ငယ်တုန်းကတော့ စည်းကမ်းတကျနဲ့ နေခဲ့ပါတယ်။ ဆန်းဒေးစကူးလ်မှာ အမြဲ ပထမ ရခဲ့ပါတယ်။ ဘုရားကျောင်းလဲ အမြဲတက်ခဲ့ပါတယ်။ ဒါပေမဲ့ စိတ်ထဲမှာ –



### ငါ မကောင်းတာ ဘာမှ မလုပ်ဘဲနဲ့ ဘုရားသခင်က ငါ့ကို ဘာဖြစ်လို့ ကောင်းကြီး မပေးတာလဲ

လို့ ဘုရားကို စောဒက တက်ခဲ့မိပါတယ်။

တစ်နေ့ ... ကျွန်တော် ဘုရားကျောင်းကို စက်ဘီးနဲ့ အသွားမှာ စက်ဘီးမှောက်ပြီး ဆေးရုံရောက်ခဲ့ပါတယ်။ အဲဒီအချိန်တုံးကလဲ ဘုရားသခင်အပေါ်မှာ ကျွန်တော် နားမလည်နိုင်သေးပါဘူး။ စင်ကာပူ မလာခင် ရန်ကုန်မှာ နေတုံးက ကုမ္ပဏီ တစ်ခုမှာ အလုပ်ကြိုးစားပြီး အပြစ်မရှိအောင် နေခဲ့ပါတယ်။ လူတွေအမြင်မှာ အပြစ်မရှိအောင် နေခဲ့ပေမဲ့ ဘုရားကိုတော့ ငြင်းပယ်လို့နေခဲ့ပါတယ်။ ဖနစ်လောက် အလုပ်လုပ်ခဲ့ပေမဲ့ ဘုရားကို အားမကိုးမိတဲ့အတွက် ခြင်းကြားနဲ့ ရေသယ်သလို ဘာမှ မစုဆောင်း မိခဲ့ပါဘူး။ ဒါနဲ့ နိုင်ငံခြားထွက်ဖို့ ကြိုးစားခဲ့ပါတယ်။

ပထမဦးစားပေး သွားချင်တဲ့နိုင်ငံက အမေရိကန် ဖြစ်ပါတယ်။ သွားရဖို့ သေချာတယ်ဆိုပြီး ဘုရားကို အားမကိုးဘဲ ကိုယ့်နည်းကိုယ်ဟန်နဲ့ လုပ်ခဲ့တဲ့အတွက် ဘာမှ အဆင်မပြေခဲ့ပါဘူး။ ငွေကုန်ခဲ့သလို အချိန်လဲ ကုန်ခဲ့ပါတယ်။

ဒီလိုနဲ့ နောက်ဆုံးတော့ စင်ကာပူကို ရောက်လာခဲ့ပါတယ်။ ဒါလဲ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်မယ်ဆိုတဲ့ စိတ်က ဝင်နေပါသေးတယ်။ ပင်ပန်းလိုက်တာ၊ လုပ်လိုက်ရတာ မျက်နှာလဲ မရခဲ့ပါလား။ အဆူခံရ၊ အဟောက်ခံရပေါင်း မနည်းတော့ပါဘူး။ နောက်တော့ ဘုရားသခင်ကို ပြန်ပြီး အပြစ်ဝန်ချတောင်းပန် ရတော့တယ်။ နောင်တဆိုတာ နောက်ကျတယ် မရှိပါလား။

အခုအချိန်မှာတော့ ... ဘုရားသခင်ရဲ့ ကျေးဇူးတော် သက်သက်ကြောင့် စင်ကာပူမှာ အေးအေးဆေးဆေး အလုပ်လုပ်ခွင့် ရတဲ့အပြင် ပညာသင်ယူခွင့် ရနေတာဟာ ဘုရားသခင်ကို ကိုးစားလို့ဘဲ ဖြစ်ပါတယ် ဆိုတာ သက်သေခံ ဝေငှပါရစေ။

ဘုရားသခင်ကို ယုံကြည်ကိုးစားသူတိုင်းသို့ ကောင်းကြီး မင်္ဂလာ သက်ရောက်ပါစေသော်။


**ဇီးရိုး**( ZERO )

**25-04-2004 ( 01:00 AM )**

**( Blue star brother )**

000000000000000000000000000000000000000000000000000000000000000000000000000000000000000000000

## သို့ – မေမေ (၆)



အမေ –
တစ်နှစ် တစ်ခေါက်
ဒီ တလ ရောက်လာပြန်ပြီလေ ။
ဝေးခဲ့ပြီ – ဟိုအတိတ်
မဖြေနိုင်စရာ အရိပ်တွေအတွက်
ဝေဒနာတွေ နှိုးဆွ
တမ်းတမှုတွေ ဗရပွနဲ့
မေ့ဖို့ကြိုးစား
ရိုးသားစွာ တွေးရင်း
သား ...
ကြေကွဲရပြန်ပြီ အမေ ။

( မိခင်များနေ့နှင့် ခေါ်တော်မူခြင်း ၁၂နှစ်မြောက် အမိုးသို့ ...)
( SAW A. THAW )